# Stepping Stones

## ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းမြန်မာပညာရေး အနာဂတ်အပေါ် အကြပ်အတည်းနှစ်ရပ်၏ သက်ရောက်မှု

နိုဝင်ဘာလ၊ ၂၀၂၂ ခုနှစ်

အနှစ်ချုပ် အစီရင်ခံစာ

# သုတေသန အဖွဲ့

Tom Lowe, InEd
Naing Win, InEd
Wirachan Charoensukaran, InEd
Nwet Nwet Win, InEd
Tin Zar, InEd
Naw Nay Yu Paw, InEd
Paw Paw, InEd
Th' Blay Moo, InEd
Greg Tyrosvoutis, InEd
Mia Sasaki
Say Gay Poe, YCF
Nay Chi Win, BMTA
Nan Mi Nway, BMTA
Nan Phyu Hnin Eain, BMTA
Brang Aung, BMTA
Nan Phyo Hnin Eain, BMTA
Esther Kyaw, POS
Ye Kyaw Htet, POS
Zin Min Naing, POS
Hnin Hayman. POS
Shwe Shwe Naing, MAF
Khin Su Myat, MAF
Kanongrit Singhabut, MECC
Teerapab Titiwatana, MECC
Nyan Htet Aung, MECC
Yoon Htar Aein, MECC
Aung Naing Soe, HWF
Chu Wai Wai Zaw, HWF
Jonathan Jordan, HWF
Saw Lar Bar Tun, HWF
U Hla Than, MTC
Saw Sein Min, MTC
Saw Hla Khin, MTC

Photo Credit: Naing Win
All photos taken and used with permission

Myanmar Translation: Aye Myat Su Wai

© TeacherFOCUS 2022
© The Inclusive Education Foundation 2022
www.inedfoundation.org

Creative Commons Attribution-NonCommercial-ShareAlike 4.0 International Licence (CC BY-NC-SA 4.0)

By using the content of this publication, the users accept to be bound by the terms of use outlined in CC BY-NC-SA 4.0 for attribution and sharing. Full licence available at: https://creativecommons.org/licenses/by-nc-sa/4.0/

Attribution--Please cite the work as follows:

Lowe, T., Win, N., & Tyrosvoutis, G. (2022). Stepping stones: The impact of twin crises on the future of migrant education in Thailand. The Inclusive Education Foundation. Mae Sot. Thailand.

The views of this publication do not necessarily reflect the policies or opinions of the organisations involved.



# အနှစ်ချုပ်

COVID-19 ကပ်ရောဂါသည် ကမ္ဘာတဝှမ်းလုံးအား ပြောင်းလဲစေခဲ့သည်။လူစုလူဝေးပြုလုပ်ခြင်းအား ကန့်သတ်လိုက်ခြင်းသည် နိုင်ငံပေါင်း (၁၉၀) ကျော်ရှိ သင်ယူသူပေါင်း (၁.၆) ဘီလီယံကျော်နှင့် ဆရာပေါင်း သန်း (၁၀၀) ကျော်တို့အား သက်ရောက်ခဲ့သည် (UNESCO et al. 2021)။ ကမ္ဘာ့နေရာအနှံ့တွင် ကလေးများသည် လူတွေ့သင်ကြားသည့်ခန့်မှန်းချိန် နာရီပေါင်း (၂) ထရီလီယံ ပျက်ကွက်ခဲ့ရသည်။ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ညီညွတ်စွာ တုံ့ပြန်နိုင်ခဲ့သော်လည်း ကလေးများသည် ကမ္ဘာ့ကပ်ရောဂါ၏ အကျိုးဆက်ဖြစ်သည့် လေ့လာသင်ယူမှုဆုံးရှုံးရခြင်းများအား ဆိုးဆိုးရွားရွား ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ချို့တဲ့သောကလေးများသည်လည်း ထိုအကျိုးဆက်များအား ပြင်းထန်စွာခံစားခဲ့ရသည်ဟု သက်သေပြသည့် အထောက်အထားပေါင်းများစွာ ရှိပါသည်(UNICEF, 2022)။ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတားရက်မှ "မျိုးဆက်တခုလုံးအားသက်ရောက်မှုရှိသော ကပ်ဘေး" ဟု သတိပေးခဲ့ပါသည် (UN, 2020, para. 1)။ မကြာသေးမီက ထုတ်ဝေခဲ့သည့် ကမ္ဘာ့ဘဏ်၏ သုတေသနတွင်လည်း အလားတူသဘောထားခံယူချက်အား ရေးသားခဲ့ပါသည်။ (Bhatta and Katwal, 2022; World Bank et al. 2022a; 2022b)

လွန်ခဲ့သော နှစ်သုံးဆယ်ကျော်ကာလအတွင်း ထိုင်းနိုင်ငံတွင်ရှိသော ရွှေ့ပြောင်းမြန်မာကလေးများအတွက် ပညာရေးဂေဟစနစ်သည် ထိုင်းအစိုးရ၏ အထင်ကရဖြစ်သော Education for ALL (EFA) မူဝါဒ အပါအဝင် အားလုံးပါဝင်နိုင်သောပညာရေး မူဝါဒ ပြောင်းလဲမှုအရွေ့များ၏ အကူအညီနှင့် အတူ တဖြည်းဖြည်းချင်း ဆင့်ကဲပြောင်းလဲလာခဲ့သည်။ ထိုသို့သော တိုးတက်ပြောင်းလဲမှုများရှိခဲ့သော်လည်း ယင်းဂေဟစနစ်သည် ကလေးများ ပညာရေးအား ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ခြင်းမရှိသော စိန်ခေါ်မှုများစွာသည် မထင်ရှားသောအခက်အခဲများအဖြစ် ကာလကြာမြင့်စွာ တည်ရှိလျက်ရှိသည်(Save the Children, 2014)။ ထိုစိန်ခေါ်မှုများအား ကိုင်တွယ်ဖြေရှင်းနိုင်ရန် ၂၀၁၉ ခုနှစ်တွင် ဒေသခံအဖွဲ့အစည်း (၇) ဖွဲ့မှ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအခြေပြုသည့် သုတေသန စီမံကိန်းကြီး တစ်ရပ်ကို ဖော်ဆောင်ခဲ့ကြသည်။ Bridges: Participatory Action Research on the Future of Migrant Education in Thailand ဟု ခေါင်းစဉ်တပ်ထားသည့် နောက်ဆုံးအစီရင်ခံစာတွင် ထိုင်းနိုင်ငံတဝှမ်းလုံးတွင်ရှိသည့် ရွှေ့ပြောင်းကလေးများ၏ ပညာရေးလက်လှမ်းမီမှုဆိုင်ရာ တိုးတက်မှု၊ အရည်အသွေး၊ အသိအမှတ်ပြုမှုနှင့် ရေရှည်တည်တံ့နိုင်မှုတို့အား ပေါ်ပေါက်လာစေရန်အတွက် မြေပြင်မှ အကြံပြုချက်များအား လမ်းပြမြေပုံတစ်ခု ပြုစုရေးသားခဲ့သည်(Tyrosvoutis, 2019)။ သုတေသနခေါင်းစဉ်ဖြစ်သည့် Bridges သည် ရွှေ့ပြောင်းကလေးတစ်ယောက်ချင်းစီတိုင်း၏ ခံစားနိုင်ခွင့်အလားအလာများကို အပြည့်အဝရရှိစေရန် ရှိနေသည့် ပညာရေးလမ်းကြောင်းအမျိုးမျိုးကို ကိုယ်စားပြုပါသည်။ ယခုအခါတွင် ထိုပညာရေးလမ်းကြောင်းများသည် ဆက်လက်ရပ်တည်နိုင်ရန် မသေချာမရေရာဖြစ်နေလျက်ရှိသည်။

COVID-19 ကပ်ရောဂါသည် ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်သူဦးရေမြင့်တက်လာခြင်း၊ ကျောင်းများပိတ်ခြင်းနှင့် လေ့လာသင်ယူခြင်းဆိုင်ရာ ဆုံးရှုံးမှုများအား နိုင်ငံအနှံ့အပြားတွင် ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ထိုင်းနိုင်ငံ၏ ပညာရေးစနစ်များအပေါ်တွင် ကြီးမားသော သက်ရောက်မှုများ ရှိခဲ့ပါသည် (Belghith and Arayavechkit, 2021; EEF, 2022)။ မြန်မာနိုင်ငံ၏ သမိုင်းတွင်ထင်ကျန်ရစ်နေမည့် အကြပ်အတည်းနှစ်ရပ်တွင် COVID-19 သည် နောက်ခံအကြောင်းအရာဖြစ်လာခဲ့သည်။ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မြန်မာစစ်တပ်မှ နိုင်ငံ၏ ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ထားသော ခေါင်းဆောင်များအား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ရွေးကောက်ပွဲနှင့်မဲမသမာမှုများ တိုင်းပြည်၏ နေရာအနှံ့တွင် တွေ့ရှိခဲ့သည်ဟု အထောက်အထားခိုင်ခိုင်လုံလုံပြသနိုင်ခြင်းမရှိသည့် အကြောင်းပြချက်များဖြင့် အာဏာသိမ်းခဲ့သည် (Goodman, 2021)။ ထို့ကြောင့် မြန်မာ့ပညာရေးစနစ်သည် ကမ္ဘာပေါ်တွင် ကျောင်းများပိတ်ထားရသည့်ကာလကို အရှည်ကြာဆုံးဖြတ်သန်းခဲ့ရသည်(UNICEF, 2022)။ ယနေ့တွင် မြန်မာနိုင်ငံသည် ပိုမိုပြင်းထန်ဆိုးရွားလာသည့် ပြည်တွင်းစစ်၊ စီးပွားရေးအကြပ်အတည်း၊ ယိုယွင်းပျက်စီးနေသည့် ပညာရေးစနစ်နှင့် တစ်ဆထက်တစ်ဆတိုးမြင့်လာသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ ပြည့်နှက်နေသည့် နိုင်ငံရေး ကသောင်းကနင်းဖြစ်မှုကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ပါသည်(Frontier, 2022b; UNOCHA, 2022; World Bank, 2021b; UNOCHA, 2021)။

ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းပညာရေးဂေဟစနစ်အပေါ် ထိုအကြပ်အတည်းနှစ်ရပ်၏ သက်ရောက်မှုများအား လေ့လာရန် အဖွဲ့အစည်း (၈) ဖွဲ့မှ သုတေသနပြုသူပေါင်း (၃၃) ဦးသည် ဖြေဆိုသူ (၁၀၁၃)ဦးအား အင်တာဗျူးအမေးအဖြေများပြုလုပ်ခဲ့ပါသည်။ ကွင်းဆင်းလေ့လာခြင်းအား ထိုင်းနိုင်ငံတွင် ကပ်ရောဂါပြန့်ပွားမှု အမြင့်ဆုံးဖြစ်နေသည့် ၂၀၂၁ ခုနှစ် အောက်တိုဘာလ နှင့် နိုဝင်ဘာလတို့တွင် ပြုလုပ်ခဲ့ကြပါသည်။ အရေးပေါ်အခြေအနေကာလအတွက် ပညာရေး ရှု့ထောင့်မှ ချဉ်းကပ်လေ့လာခြင်းဖြင့် ရှာဖွေတွေ့ရှိချက်များနှင့် အကြံပြုချက်များအား လက်လှမ်းမီမှု၊ သင်ကြားသင်ယူမှုနှင့် ကာကွယ်စောင့်ရှောက်မှု စသည့် အဓိကအကြောင်းအရာ သုံးချက်ဖြင့် ခွဲခြမ်းစိတ်ဖြာထားပါသည်။ ပညာရေးလမ်းကြောင်းများ၏ ကြံ့ကြံ့ခံ နိုင်မှုနှင့် ပေါင်းကူးတံတားအသစ်များဆောက်လုပ်နိုင်သော အုတ်မြစ်များအား မီးမောင်းထိုးပြလိုသော ရည်ရွယ်ချက်ဖြင့် ဤအစီရင်ခံစာ၏ ခေါင်းစဉ်ကို Stepping Stones: The Impact of Twin Crises on the Future of Migrant Education in Thailand ဟု ရွေးချယ်ပေးခဲ့ပါသည်။

" ပုံမှန်တော့ (၁) ရက်ကို ထမင်း (၃) နပ်စားတယ်။ အခုတော့ (၁)ရက်ကို (၂) နပ်ပဲစားနိုင်တော့တယ်။"

-ရွှေ့ပြောင်းမိဘတစ်ဦး







# ရှာဖွေတွေ့ရှိချက်များ | လက်လှမ်းမီမှု

ထိုအကြပ်အတည်းနှစ်ရပ်သည် ကလေးများ ပညာရေးလက်လှမ်းမီမှုအပေါ်တွင် ကြီးကြီးမားမား သက်ရောက်မှု ရှိခဲ့ပါသည်။ ၂၀၂၀ ခုနှစ် မတ်လ နှင့် ၂၀၂၂ ခုနှစ် ဧပြီလအတွင်း တာ့(ခ်)ခရိုင်ရှိ ရွှေ့ပြောင်းကျောင်းများတွင် ပညာရေးတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်သူဦးရေ (၃၃၃၁) ဦးရှိခဲ့ပါသည်။ ၎င်းသည် ပျမ်းမျှအားဖြင့် ကျောင်းသား၊သူ (၄) ဦးလျှင် (၁) ဦးကျောင်းထွက်ခဲ့ရခြင်းဖြစ်သည်(MECC, 2022)။ ကျောင်းတွင် ဆက်လက်ပညာသင်နေခဲ့သည့် ကျောင်းသား၊သူများသည်လည်း ကျောင်းပျက်ရက်များ မြင့်တက်ခဲ့ပါသည်။ ကျောင်းသား၊သူဦးရေ၏ ပျမ်းမျှ (၂၀) ရာခိုင်နှုန်းမှာ ကျောင်းအား (၁) လထက်ပိုကြာမြင့်စွာ ကျောင်းပျက်ခဲ့သည်ဟု မှတ်သားသိရှိရပါသည်။ မြန်မာပြည်တွင် ဖြစ်ပွားနေဆဲဖြစ်သည့် အကြပ်အတည်းသည် ယခင်က ကျောင်းသား၊သူများ ရွေးချယ်ခဲ့သော ပညာရေးလမ်းကြောင်းများအား လက်လှမ်းမီမှုကို ဆိုးဆိုးရွားရွား ဟန့်တားနှောင့်ယှက်လျက်ရှိပါသည်။ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလမတိုင်ခင်တွင် ထိုရွှေ့ပြောင်းကျောင်းများတွင် ပညာသင်ယူနေသော ကလေးများနှင့် လူငယ်များသည် မြန်မာပြည်သို့ပြန်၍ ပညာဆက်လက်သင်ယူရန် မျှော်မှန်းထားခဲ့ကြပါသည်။ မြန်မာပြည်တွင်း အကြပ်အတည်းများကြောင့် သုတေသနအင်တာဗျူးအမေးအဖြေတွင် ပါဝင်သူအများစုသည် ထိုသို့ ပြန်နိုင်ခြင်း မရှိတော့သည့်အတွက် ထိုင်းနိုင်ငံတွင် ကာလရှည်ကြာစွာနေထိုင်ရလိမ့်မည်ဟု ဖြေဆိုခဲ့ကြသည်။


အွန်လိုင်းနှင့် အိမ်တွင်းအခြေပြု လေ့လာသင်ယူခြင်းပုံစံများသို့ ပြောင်းလဲခဲ့ခြင်းသည် ကလေးများ၏ ပညာရေးရရှိနိုင်မှု အခွင့်အရေးကို ကူညီဖြည့်ဆည်းပေးပါသည်။ သို့သော် ထိုသည်ပင်လျှင် လက်လှမ်းမီမှုအတွက် စိန်ခေါ်မှုအသစ်များကို ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုင်းကျောင်းများရှိ ဆရာ၊မ (၈၀) ရာခိုင်နှုန်းနှင့် ရွှေ့ပြောင်းကျောင်းများရှိ ဆရာ၊မ (၉၁) ရာခိုင်နှုန်းတို့သည် ကျောင်းသား၊သူများ အင်တာနက်ရရှိခြင်းမရှိ၍ ဖြစ်ပေါ်ခဲ့သည့် သင်ကြားရေးဆိုင်ရာ အခက်အခဲများကို တင်ပြခဲ့ပါသည်။ အိမ်တွင်းအခြေပြု လေ့လာသင်ယူခြင်းတွင် ရွှေ့ပြောင်းကျောင်းများရှိ ဆရာ၊မများသည် ရပ်ရွာများအား သွားရောက်၍ ကျောင်းသား၊သူများနှင့်တွေ့ဆုံကာ ပုံနှိပ်ထုတ်ယူထားသည့် သင်ခန်းစာ စာရွက်များအား ဝေငှပေးရပါသည်။ ထိုရွှေ့ပြောင်းကျောင်းများရှိ ဖြေဆိုသူ ဆရာ၊မ (၇၂) ရာခိုင်နှုန်းနှင့် ထိုင်းကျောင်းများရှိ ဆရာ၊မ (၃၀) ရာခိုင်နှုန်းသည် သင်ခန်းစာများ ပုံနှိပ်ထုတ်ရာတွင် အခက်အခဲရှိပြီး ရွှေ့ပြောင်းကျောင်းများရှိ ဆရာ၊မများသည် ထိုသို့အခက်အခဲများကို နှစ်ဆထက်ပို၍ ရင်ဆိုင်ခဲ့ကြရသည်ကိုတွေ့ရှိခဲ့သည်။ စားရိတ်များမြင့်မားလာခြင်းနှင့် ခရီးသွားလာရေးဆိုင်ရာ ကန့်သတ်ချက်များပိုမိုကြပ်တည်းလာခြင်းတို့ကြောင့် ရွှေ့ပြောင်းကျောင်းများရှိ ဆရာ၊မများသည် သွားလာရေးတွင် အခက်အခဲကြီးကြီးမားမား ကြုံတွေ့နေရသည်ဟု တင်ပြခဲ့ပါသည်။

ကပ်ရောဂါကာလအတွင်း ကာကွယ်ဆေးများနှင့်ငွေကြေးအထောက်အပံ့များ ရရှိမှုစနစ် မညီမျှမှုများ ရှိနေသည်ကို ရှင်းရှင်းလင်းလင်း သတိပြုမိစေသည်။ ထိုင်းကျောင်းရှိ ရွှေ့ပြောင်းကလေးများ၊ ရွှေ့ပြောင်းမိဘများနှင့် ဆရာ၊မများ၏ အတွေ့အကြုံများအရ ရွှေ့ပြောင်းကလေးများအနေဖြင့် ထိုင်းပညာရေးစနစ်တွင် ပစ်ပယ်ထားခံရခြင်း (သို့) နောက်ကျကျန်ခဲ့ရခြင်းတို့မရှိစေရန် ဘာသာစကားဆိုင်ရာ အကူအညီအထောက်အပံ့များလိုအပ်နေခြင်းအား မီးမောင်းထိုးပြပါသည်။

ထိုင်းနိုင်ငံတွင်သာ ဆက်လက်နေထိုင်ရမည်ဟု ထင်သော ရွှေ့ပြောင်းမိဘများအရေအတွက် (နိုဝင်ဘာလ၊ ၂၀၁၉)




ထိုင်းနိုင်ငံတွင်သာ ဆက်လက်နေထိုင်ရမည်ဟု ထင်သော ရွှေ့ပြောင်းမိဘများအရေအတွက် (အောက်တိုဘာ၊ ၂၀၂၁)




"မြန်မာပြည်မှာ လက်ရှိဖြစ်နေတဲ့ အခြေအနေတွေကြောင့် ကျမတို့ကလေးတွေကို မြန်မာပြည်ပြန်ပို့ပြီး ကျောင်းတက်စေမယ့် အစီအစဉ်ကို ပြောင်းခဲ့ရတယ်။ ကျမကလေးတွေကို မြန်မာပြည်က တက္ကသိုလ်မှာတက်စေချင်လို့ မြန်မာပြည်က အထက်တန်းကျောင်းမှာ တက်ဖို့ အစက စီစဉ်ထားတာ။ ဒါပေမယ့် အခုတော့ ဘယ်လိုနည်းနဲ့မှ ပြန်လို့မရတော့ဘူး။ ကျမတို့ အတွက်ကော၊ ကလေးတွေရဲ့ပညာရေးအတွက်ကော လမ်းပျောက်သွားသလို ခံစားနေရတယ်။"

- ရွှေ့ပြောင်းမိဘတစ်ဦး

## ကျောင်းသားများ၏ ဖြေကြားချက်

ကပ်ရောဂါ စဖြစ်တဲ့အချိန်ကစပြီး ကျောင်းထွက်သွားခဲ့ရတဲ့ သူငယ်ချင်း ရှိသလား။



# ရှာဖွေတွေ့ရှိချက်များ | လေ့လာသင်ယူမှု

ကျောင်းသား၊သူများစိတ်ပါဝင်စားစွာသင်ယူခြင်းရှိမရှိကို ဆရာ၊မများနှင့်ကျောင်းသား၊သူများကိုယ်တိုင်ပြန်လည်သုံးသပ်စေသည့် အခါတွင် ကျောင်းသား၊သူများ၏ ပညာအရည်အသွေးသည် ယုတ်လျော့နေသည်ကိုတွေ့ခဲ့ပါသည်။ ကျောင်းသား၊သူများနှင့် ဆရာ၊မများသည် သင်ရိုးအား အနှစ်သာရပြည့်ပြည့်ဝဝဖြင့် သင်ကြားရန်၊ နားလည်ရန်နှင့် ဆန်းစစ်ရန်အချိန်မရှိခဲ့ဟု ဆိုခဲ့ကြပါသည်။ အခြားသော လေ့လာသင်ကြားမှု အရည်အသွေးများကို ဆိုးရွားစွာ အဟန့်အတားဖြစ်စေသည့် အရင်းအမြစ်အထောက်အပံ့နည်းပါးခြင်းနှင့်အတူ အရင်းအမြစ်နည်းပါးသော ရွှေ့ပြောင်းကျောင်းများသည် မထင်ရှားသောအကြပ်အတည်းမှ တဆင့် အရေးပေါ်အခြေအနေအဖြစ်သို့ လုံးဝပြောင်းလဲသွားခြင်းကို ရင်ဆိုင်ခဲ့ရသည်။ ကပ်ရောဂါသည် ရွှေ့ပြောင်းမိသားစုများ၏ စီးပွားရေးအဆင်မပြေမှုများကို မြင်သာလာစေသည့်အပြင် အွန်လိုင်းလေ့လာသင်ယူမှု၏ မြင့်တက်လာသည့် ကုန်ကျစရိတ်များသည်လည်း ထိုကြပ်တည်းမှုများကို ပိုမို ဖြစ်ပေါ်စေသည်။ ဒစ်ဂျစ်တယ်စက်ပစ္စည်းများ လုံလောက်မှုမရှိခြင်းနှင့် တန်ဖိုးနည်း၊ မြန်နှုန်းမြင့်၊ ယုံကြည်စိတ်ချရသော အင်တာနက် မရှိခြင်းသည် အရည်အသွေးရှိသော၊ အားလုံးအကျုံးဝင်ပါဝင်နိုင်မှုရှိသော အွန်လိုင်းလေ့လာသင်ယူမှုအတွက် အဓိကအဟန့်အတားများ ဖြစ်ခဲ့သည်။ အချိန်၊ ပုံနှိပ်ထုတ်ရာတွင် ကုန်ကျစရိတ်များနှင့် သယ်ယူပို့ဆောင်ရေး လက်လှမ်းမမီနိုင်မှု စသည်တို့သည် အိမ်တွင်းအခြေပြုလေ့လာသင်ယူမှုပုံစံများ၏ ထိရောက်မှုအား ကန့်သတ်ထားသည်။

ထိုင်းကျောင်းများတွင် တက်ရောက်ပညာသင်ယူနေကြသော ရွှေ့ပြောင်းကလေးများအတွက် ဘာသာစကားအခက်အခဲသည် ဆိုးရွားသော အခက်အခဲများကိုတွေ့ကြုံခဲ့ရသည့်အပြင် သင်ခန်းစာ၊ အိမ်စာများနှင့်ပတ်သက်သောကိစ္စရပ်တွင် အကူအညီလိုအပ်သည့်အခါများတွင်လည်း အကူအညီတောင်းခံရန် အဟန့်အတားများရှိခဲ့သည်။ ထိုင်းကျောင်းတွင် ပညာသင်ကြားနေသော ကလေးများ၏ အကူအညီတောင်းခံမှုသည် ရွှေ့ပြောင်းကျောင်းများရှိကလေးများ၏ အကူအညီတောင်းခံမှုထက် ထက်ဝက်ခန့်သာရှိသည်ဟုရှာဖွေတွေ့ရှိခဲ့သည်။ ရွှေ့ပြောင်းကျောင်းများရှိကလေးများထက် ထိုင်းကျောင်းများရှိ ကလေးများသည် အကူအညီတောင်းနိုင်မည့်သူ မရှိသည့်အခြေအနေကို (၉)ဆ ပိုမိုကြုံတွေ့ခဲ့ပါသည်။

လွန်ခဲ့သော (၂)နှစ်တာကာလအတွင်းတွင် ဆရာ၊မများသည် ကျောင်းသား၊သူများနှင့် ရပ်ရွာလူထုများ၏ ယုံကြည်လေးစားမှုအပြည့်အဝရရှိရန်အတွက် ၎င်းတို့၏ တာဝန်ဝတ္တရားများထက်ပင် သာလွန်၍ ကြိုးပမ်းခဲ့ကြပါသည်။ ကျောင်းသား၊သူများသည် ဤအကြပ်အတည်းနှစ်ရပ် ကာလအတွင်းတွင် ပညာရေးအတွက် အရေးအကြီးဆုံးအချက်မှာ ၎င်းတို့နှင့်ဆရာ၊မများကြားရှိ ပေါင်းသင်းဆက်ဆံရေးဟု ဆိုခဲ့ကြပါသည်။ဆရာ၊မများသည် ၎င်းတို့၏ရပ်ရွာများအတွက် အုတ်မြစ်များဖြစ်သည့်အပြင် ရပ်ရွာအနှံ့ ခံနိုင်ရည်ရှိမှုအား ဖြည့်တင်းပေးသည့် ဆက်ဆံရေးများတည်ဆောက်ရာတွင် ခိုင်မာသောကွန်ရက်များ၏ ဗဟိုချက်လည်းဖြစ်သည်။ သို့သော်လည်း ထိုဆရာ၊မများသည် လုံလောက်မှုမရှိသောလုပ်ခလစာများနှင့် တာဝန်များ ဆက်လက်ထမ်းဆောင်နေဆဲဖြစ်သည်။ စင်စစ်အားဖြင့် ရွှေ့ပြောင်းဆရာ၊မများသည် ၎င်းတို့၏ စာသင်ကြားရေးဆိုင်ရာ ကျွမ်းကျင်မှုများကို တရားဝင် အသိအမှတ်ပြုပေးခြင်းနှင့် မတူညီသည့် ပညာရေးစနစ်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည့် အတတ်ပညာဆိုင်ရာ လမ်းကြောင်းတစ်ခုရရှိရန် ထိုက်တန်ပါသည်။ မြန်မာနိုင်ငံတွင်း ဖြစ်ပွားနေသည့် အကြပ်အတည်းများ၏ သက်ရောက်မှုများသည် ရွှေ့ပြောင်းဆရာ၊မများအား မြန်မာအာဏာပိုင်များထံမှ အသိအမှတ်ပြုမှု ရရှိစေရန် ပိုမိုခက်ခဲလာစေသည်။ ထို့အပြင် ရွှေ့ပြောင်းဆရာ၊မများအား အထူးလိုအပ်နေသည့် ဤအချိန်ကာလတွင် ထိုဆရာ၊မတို့၏ အတတ်ပညာဖြင့်အသက်မွေးဝမ်းကြောင်းပြုနိုင်မည့် အနာဂတ်များကို ဖန်တီးနိုင်ရန် အခြားသောချဉ်းကပ်ပုံနည်းလမ်းများ လိုအပ်လာပါသည်။



# ရွှေ့ပြောင်းပညာရေး၏ အခက်အခဲ စိန်ခေါ်မှုများအား ဖော်ထုတ်ခြင်း

## အရည်အသွေး

သင်ယူမှုဆိုင်ရာ ဆုံးရှုံးမှုများ

အရင်းအမြစ်များ နည်းပါးခြင်း

ဆရာ/ဆရာမများအတွက် အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးမှု အခွင့်အလမ်းများ အကန့်အသတ်ရှိခြင်း

လိုအပ်ချက်များ ပိုမိုများပြားလာခြင်း

## ရေရှည်တည်တံ့နိုင်မှု

နိုင်ငံတကာအလှူရှင်များကို မှီခိုနေရခြင်း

နိုင်ငံတကာမှ ငွေကြေးထောက်ပံ့ခြင်းများ ၂၀၁၄ ခုနှစ်ကပင် ကျဆင်းလာသော

နိုင်ငံတကာ အလှူရှင် အနေအထား အခြေခံအားဖြင့် ပြောင်းလဲသွားသည့်

ရပ်ရွာလူထုမှထည့်ဝင်ငွေများကို မှီခိုနေရခြင်း

ရွှေ့ပြောင်းလုပ်သားများ၏ ဝင်ငွေ လျော့နည်းခြင်း

## လက်လှမ်းမီနိုင်မှု

ကိုယ်/စိတ်နှစ်ပါးကောင်းမွန်ပြည့်စုံမှုအား ခြိမ်းခြောက်မှုများ တိုးမြင့်လာခြင်း

ထောက်ပံ့မှု မရှိခြင်း ဘာသာစကားပံ့ပိုးမှု

အထူးပြုထားသည့် ဘာသာစကား

ခွဲခြားဆက်ဆံမှု

အခွင့်အရေးများကို မသိရှိခြင်း

သိသာထင်ရှားမှုမရှိသော ကုန်ကျစရိတ်များ

ဒစ်ဂျစ်တယ်ကွာဟမှု

ဘာသာစကား အဟန့်အတားများ

မြန်မာပြည်မှ အသိအမှတ်ပြုနိုင်မည့် လမ်းကြောင်းမှာ မရေမရာဖြစ်နေခြင်း

စာရွက်စာတမ်းအထောက်အထား ရယူရန် အခက်အခဲ

ကျောင်းထွက်နှုန်းများ တိုးမြင့်လာခြင်း

## အသိအမှတ်ပြုမှု

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ရွှေ့ပြောင်းဆရာ/ဆရာမများသည် အသိအမှတ်ပြုမခံရခြင်း

အသိအမှတ်ပြုခံရသည့် အလယ်တန်းလွန်ပညာရေး အခွင့်အလမ်းများ အနည်းငယ်သာရှိခြင်း

အသိအမှတ်ပြုခြင်းမရှိ၍ ဆရာ/ဆရာမများ ရေရှည်တည်မြဲစေရန်အတွက် အနှောင့်အယှက်ဖြစ်စေခြင်း

ရွှေ့ပြောင်းကျောင်းများအတွက် မြန်မာပြည်မှ ပံ့ပိုးမှု မရှိတော့ခြင်း

တရားဝင်မှတ်ပုံတင်နိုင်ခြင်းဆိုင်ရာ ရွေးချယ်စရာများ မရှိခြင်းသည် MLC များအား ကန့်သတ်ထားသည်။

အသိအမှတ်ပြုမှုဆိုင်ရာ စိန်ခေါ်မှုအား မြန်မာပြည်တွင်လည်း ကြုံတွေ့လာနေရခြင်း

မီးခိုးရောင် = အခက်အခဲ (၂) ရပ် မကျရောက်ခင် ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများ

အနီရောင် = အခက်အခဲ (၂) ရပ်၏ ရလာဒ်အနေဖြင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများ



# ရှာဖွေတွေ့ရှိချက်များ | ကာကွယ်စောင့်ရှောက်မှု

အကြပ်အတည်းနှစ်ရပ်ကြောင့် ကလေးများသည် တိုက်ရိုက်ထိခိုက်မှုများအား ကြုံတွေ့ခဲ့ရပါသည်။ COVID-19 ကြောင့် ကျောင်းများပိတ်ခဲ့ရခြင်းများသည် ကျောင်းသား၊သူများအား ၎င်းတို့၏ ရွယ်တူချင်းမှပံ့ပိုးပေးသည့်ကွန်ရက်များ၊ ကျောင်းများတွင် ဖော်ဆောင်ထားသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးသူငယ်အကာအကွယ်ပေးသည့် ယန္တရားများမှ အလှမ်းဝေးစေပြီး တသီးတခြားတည်းဖြစ်စေသည့် အခြေအနေသို့ တွန်းပို့ခဲ့သည်။ COVID-19ဆိုင်ရာ ကန့်သတ်ချက်များ၏ စီးပွားရေးသက်ရောက်မှုများကြောင့် ဝင်ငွေလျော့နည်းခဲ့ရသည်ဟု ဆိုခဲ့သော မိသားစုများမှာ (၈၇) ရာခိုင်နှုန်းရှိသည်။ ထိုအခြင်းအရာသည် မိသားစုများ၏ စားနပ်ရိက္ခာလုံလောက်မှု၊ ကလေးများအတွက် နေရာထိုင်ခင်း ပံ့ပိုးနိုင်မှုနှင့် ထိခိုက်မှုများမှ ကလေးများအား ကာကွယ်နိုင်မှု (သို့မဟုတ်) ကလေးများအား ပညာရေးလက်လှမ်းမီစေရန် ပံ့ပိုးနိုင်မှုတို့အား တိုက်ရိုက် သက်ရောက်မှုရှိသည်။

ကလေးများတွင် စိတ်ကျန်းမာရေးပြဿနာများ၊ အရွယ်မတိုင်ခင်အိမ်ထောင်ပြုခြင်းနှင့် ကလေးအလုပ်သမားဖြစ်ခြင်းတို့ အပါအဝင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များ သိသိသာသာတိုးမြင့်လာသည်ကို ကြုံတွေ့နေရသည်ဟု မိဘများက ဆိုခဲ့ပါသည်။ ကလေးများသည် ဂိမ်းများအား စွဲလမ်းနေကြသည့် အန္တရာယ်မြင့်တက်လာသည်ဟု မိဘများ၏ (၅၀) ရာခိုင်နှုန်းမှ ဆိုသည်။ ဖြေဆိုသူ ကျောင်းသား၊သူ (၅)ဦးလျှင် (၁)ဦးသည် ကပ်ရောဂါကာလအတွင်း စိတ်ဖိစီးမှုနှင့် အထီးကျန်မှုတို့ ပိုမိုခံစားခဲ့ရကြောင်း ပြောခဲ့ပါသည်။ ထိုကာလအတွင်း ၎င်းတို့၏ စိတ်ခံစားမှုများအား ဖော်ပြရန်မေးမြန်းသည့်အခါတွင် ကလေးများ၏ အဖြေများမှာ အနုတ်လက္ခဏာဆောင်သော ခံစားချက်များ ပြည့်နှက်နေသည်ကို တွေ့ခဲ့ရသည်။ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့သည့် နိုင်ငံရေးအကြပ်အတည်းသည် ရွှေ့ပြောင်းမိဘများနှင့် ကလေးများအား ၎င်းတို့၏ ရေရှည်အစီအစဉ်များအား ပြန်လည်သုံးသပ်ရန် ဖိအားပေးခဲ့ပြီး အနာဂတ်မျှော်မှန်းချက်များအတွက် မရေရာမှုများ ပိုမိုတိုးမြင့်လာစေသည်။ ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းမိဘအများစုမှာ ကာလကြာရှည်စွာ နေထိုင်ကြသူများဖြစ်ပြီး ထိုင်းနိုင်ငံတွင် ဆက်လက်အခြေချနေထိုင်လိုကြသည်။ သို့သော် အရည်အသွေးကို အခြေခံသည့် သုတေသန၏ တွေ့ရှိချက်များအရ ပြီးခဲ့သည့် (၂)နှစ်အတွင်း ဖြစ်ပျက်ခဲ့သည့် အခြေအနေများသည် ၎င်းတို့၏ရပ်ရွာလူထုများအတွင်း မလုံခြုံမှု၊ မရေရာမှုနှင့် စိုးရိမ်ကြောင့်ကြမှုတို့ ဖြစ်စေခဲ့သည်။

ထိုင်းနိုင်ငံအတွင်းရှိ မြန်မာရွှေ့ပြောင်းများအားလုံးကို စိုးရိမ်ကြောင့်ကြမှုဖြစ်စေသည့် အဓိကအကြောင်း အရာမှာ ၎င်းတို့၏ ရွှေ့လျားသွားလာနိုင်မှု၊ တရားဝင် အကာအကွယ်ရရှိမှုနှင့် လူမှုဖူလုံရေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှုတို့ကို ကန့်သတ်ထားနိုင်သည့် သင့်တော်သော စာရွက်စာတမ်းအထောက်အထားများ ဆက်လက်ရရှိထိန်းသိမ်းထားနိုင်မှုဖြစ်သည်။ ကြာမြင့်စွာ တည်ရှိနေသည့် စာရွက်စာတမ်းအထောက်အထားရရှိနိုင်မှုဆိုင်ရာ ပြဿနာသည် ရွှေ့ပြောင်းပညာရေးတွင် ပါဝင်ပက်သက်သူများကြုံတွေ့ရသည့် စိန်ခေါ်မှုအများ အရင်းခံရာဖြစ်သည်။ ဤသုတေသနတွင် ဖြေဆိုခဲ့သည့် ရွှေ့ပြောင်းမိဘများ၏ (၈၀)ရာခိုင်နှုန်းကျော်သည် ထိုင်းနိုင်ငံတွင် (၁၀)နှစ်ကျော်ကြာ နေထိုင်ခဲ့ကြသော်လည်း ထိုမိဘများအနက်မှ ရာခိုင်နှုန်းတော်တော်များများသည် ဈေးသင့်တင့်သော၊ အချိန်မီရနိုင်သော၊ အတည်တကျဖြစ်သော စာရွက်စာတမ်းအထောက်အထားရရှိရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကြောင့် ၎င်းတို့၏ ရေရှည်အနာဂတ်အတွက် မရေရာမှုများအား ရင်ဆိုင်နေကြရပါသည်။

အကြပ်အတည်းနှစ်ရပ်သည် ထိုပြဿနာများ၏ အရေးပါမှုနှင့် အရေးပေါ်အခြေအနေဖြစ်မှုတို့ကို ပိုမိုထင်ပေါ်စေခဲ့သည်။ တဖက်တွင် ရွှေ့ပြောင်းလုပ်သားများသည် လွန်ခဲ့သည့်နှစ်(၂၀)တွင် ဖြစ်ခဲ့သည့်အတိုင်းပင် ထိုင်းနိုင်ငံ၏ COVID-19အလွန် စီးပွားရေးပြန်လည်ဦးမော့လာနိုင်မှုနှင့် ရေရှည်စီးပွားရေး ရည်မှန်းချက်များအတွက် အရေးပါမည်ဟု မျှော်မှန်းထားခြင်းများ ရှိသည်။ အခြားတဖက်တွင်လည်း ထိုင်းနိုင်ငံသည် ၎င်းနှင့်နယ်စပ်အရှည်ဆုံးနီးကပ်လျက်ရှိသည့်မြန်မာနိုင်ငံတွင် ပိုမိုဆိုးရွားစွာ ဖြစ်ပွားလျက်ရှိနေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများကို လျော့ပါးစေရန် ကူညီထောက်ပံ့ပေးခြင်းဖြင့် ၎င်း၏ ဒေသလုံးဆိုင်ရာ၊ကမ္ဘာလုံးဆိုင်ရာနှင့် လူ့ကျင့်ဝတ်ဆိုင်ရာ ဦးဆောင်မှုအား ပြသနိုင်မည့်အခွင့်အရေးရှိလာသည်။ ရွှေ့ပြောင်းမိဘများ၊ ကလေးများနှင့် သင်ကြားပို့ချသူများ၏ စာရွက်စာတမ်း အထောက်အထားရရှိမှုအခွင့်အရေးများအား မြှင့်တင်ခြင်းဖြင့် ဒေသန္တရ၊ နိုင်ငံတော်အဆင့်၊ ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့် ပညာရေး၊စီးပွားရေး၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အကျိုးကျေးဇူးများကို သယ်ဆောင်လာနိုင်မည့် အလားအလာရှိမည်ဖြစ်သည်။ ထိုင်းနိုင်ငံသည် ရွှေ့ပြောင်းသွားလာမှုမှ အကျိုးကျေးဇူးများ ရရှိခဲ့သည့် နိုင်ငံဖြစ်သည့်အပြင် ထိုင်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအများစုမှာ ရွှေ့ပြောင်းလုပ်သားတို့အပေါ် များစွာမှီခိုနေသည်။ ယနေ့တွင် စာရွက်စာတမ်းအထောက်အထားနှင့် ပက်သက်သည့် ပြဿနာရပ်များအား ရင်ဆိုင်ဖြေရှင်းခြင်းသည် ထိုင်းနိုင်ငံ၏ မနက်ဖြန်များစွာကို မဟာဗျူဟာကျစွာ ထုစစ်ပုံဖော်နိုင်စေမည်ဖြစ်သည်။ ရွှေ့ပြောင်းလုပ်သားများသည် မြန်မာပြည်ရှိ ၎င်းတို့၏ မိသားစုများကို စိုးရိမ်ကြောင့်ကြရခြင်း၊ ထိုင်းနိုင်ငံရှိ စာရွက်စာတမ်းအထောက်အထားရရှိမှု၊ အနာဂတ် ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများ လက်လှမ်းမီမှုတို့ကြောင့် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် အကြပ်အတည်းများသည် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ၏ ကိုယ်၊စိတ်ကျန်းမာမှုအပေါ် အနုတ်လက္ခဏာသဘော ဆက်လက်သက်ရောက်မှုရှိမည်ဖြစ်သည်။





# အကြပ်အတည်းနှစ်ရပ်၏ ထင်ကျန်ရစ်မည့် ဖြစ်ရပ်များ

(၂၁) ရာစုတွင်အသစ်ဖြစ်ပေါ်လာသော ဖြစ်ရပ်များကြောင့် လူအများ၏ အာရုံစိုက်မှုများကိုပြောင်းလဲသွားစေခဲ့ပြီး ကာကွယ်ဆေးထိုးခြင်းများ ပြုလုပ်ပြီး၊ ကျောင်းများပြန်လည်ဖွင့်လှစ်ကာ lockdown ဆိုသည်မှာလည်း မေ့းမှိန်သွားသည့် မှတ်ဉာဏ်အဖြစ်သာ ကျန်ရစ်နေခဲ့သည်။ သို့သော် ပြီးခဲ့သည့် (၂)နှစ်တာကာလအတွင်း ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများနှင့် ထိုစိန်ခေါ်မှုများအား တုံ့ပြန်ချက်များမှာ အချိန်ကြာမြင့်စွာတည်ရှိနေသည့် သမိုင်းတွင် ဖြစ်ရပ်များအဖြစ် ကျန်ရှိနေမည်ဖြစ်သည်။ ထိုသမိုင်းတွင်ဖြစ်ရပ်များ၏ ရေရှည်သက်ရောက်မှုများသည် ဆက်လက်တည်ရှိနေသည့် လိုအပ်ချက်များကိုကိုင်တွယ်ဖြေရှင်းရန်နှင့် သင်ယူမှုနှင့်ခံနိုင်ရည်ရှိမှုတို့အပေါ် အခြေတည်ရန်အတွက် ဆောင်ရွက်သည့် ကျွန်ုပ်တို့၏ စုပေါင်းကြိုးပမ်းမှုများပေါ်တွင် မှီတည်သည်။
ခန့်မှန်းအားဖြင့် ထိုင်းနိုင်ငံသည် ၎င်း၏ ကပ်ရောဂါမတိုင်ခင်အချိန်ကာလ စီးပွားရေးအခြေအနေကို ပြန်လည်ထူထောင်ရန် ၂၀၂၂ ခုနှစ်တွင် ရွှေ့ပြောင်းလုပ်သား (၄)သိန်း ဝင်ရောက်ရန် လိုအပ်ပါသည်။ တချိန်တည်းမှာပင် မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသည့် အကြပ်အတည်းများသည် ထိုသို့ ရွှေ့ပြောင်းသွားလာရန် အတွက် တွန်းပို့နေသည့် အကြောင်းအချက်များဖြစ်ကာ အကျိုးဆက်အနေဖြင့်ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားလာမှုသည် လာမည့်နှစ်များတွင် ပိုမိုတိုးမြင့်လာနိုင်ခြေရှိသည်။ ထို့ကြောင့် ရွှေ့ပြောင်းပညာရေးဂေဟစနစ်အပေါ်လိုအပ်ချက်များ ပိုမိုများပြားလာမည်ဟု မျှော်မှန်းထားသည်။

ထိုဂေဟစနစ်အတွင်းတွင် လက်ရှိ ရှိနေသူများအတွက်မူ သက်သေအထောက်အထားများအရ ရွှေ့ပြောင်းကျောင်းသား၊သူ/သူများသည် လေ့လာသင်ယူမှုဆိုင်ရာ ဆုံးရှုံးမှုများကို မြင့်မားစွာ ကြုံတွေ့ခဲ့ရသည်ဟု ဆိုကြသည်။ သုတေသနလေ့လာတွေ့ရှိချက်များအရ ပညာရေးတွင် နောက်ကျကျန်ရစ်ခဲ့သော ကလေးများ (သို့) ပညာရေးနှင့် အချိန်ကြာမြင့်စွာ ပြတ်တောက်ခဲ့ရသော ကလေးများသည် အနာဂတ်တွင် ပညာတပိုင်းတစဖြင့် ကျောင်းထွက်ခြင်းများ ပိုမိုဖြစ်လာနိုင်ခြေရှိသည်(Doll, 2013; Sabates, 2010)။ ထို့ကြောင့် ၎င်းကျောင်းသား၊သူများအား အထူးအာရုံစိုက်၍ ဆောင်ရွက်ပေးသော လုပ်ငန်းများ မရှိပါက COVIDမျိုးဆက်များသည် နောက်လာမည့်နှစ်များတွင် ကျောင်းထွက်ခြင်းများ ပိုမိုရှိလာနိုင်သည်ဟု ခန့်မှန်းထားပါသည်။

မြန်မာပြည်တွင်းရှိ ဖြစ်ရပ်များကြောင့် ပညာရေးကို နိုင်ငံရေးအသွင်သို့ ပြောင်းလဲစေခဲ့သည်။ ရွှေ့ပြောင်းကျောင်း များသည် မြန်မာပြည်တွင်းမှ အရင်းအမြစ်များ၊ ငွေကြေးအထောက်အပံ့များနှင့် အခြား နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများအား ဆုံးရှုံးခဲ့ရသည်။ ရွှေ့ပြောင်းလုပ်သားမိသားစုများသည် ထိုင်းနိုင်ငံတွင် ရေရှည်အခြေချလိုကြသည်။ ထိုအခါတွင် ထိုင်းနိုင်ငံမှ အသိအမှတ်ပြုထားသည့် လမ်းကြောင်းများသည် အထူးသဖြင့် ငယ်ရွယ်သော ကျောင်းသား၊သူများအတွက် ပို၍ အရေးပါလာနိုင်သည်။ မြန်မာပြည်ရှိ အထက်တန်းပညာရေးပြီးဆုံးအောင် သင်ယူနေကြသော အသက်အရွယ်ပိုကြီးသည့် ကျောင်းသား၊သူများမှာ ၎င်းတို့၏ အနာဂတ်များအတွက် စိုးရိမ်ကြောင့်ကြမှုနှင့် မရေရာမှုတို့ကို ရင်ဆိုင်နေကြရသည်။ ပညာရေးနစ်တွင် အထက်တန်းလွန်ပညာရေးအတွက် အခြားပညာရေးလမ်းကြောင်းများ မရှိသည့် ပြဿနာသည် ဂယက်ရိုက်နိုင်ခြေရှိပြီး ကျောင်းထွက်ခြင်းများကို ပိုများလာစေမည်ဖြစ်သည်။

လွန်ခဲ့သော(၂)နှစ်အတွင်း ဖြစ်ခဲ့သည့် ဖြစ်ရပ်များသည် ရွှေ့ပြောင်းပညာရေးဂေဟစနစ်ကို ရေရှည်တည်တံ့နိုင်ခြင်းမှ ပို၍အလှမ်းဝေးစေခဲ့သည်။ COVID-19၊ မြန်မာပြည်တွင်း လိုအပ်ချက်များ၊ အာဖဂန်နစ္စတန်နိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့၏ အကြပ်အတည်းများကို တုံ့ပြန်ရာတွင် နိုင်ငံတကာ အလှူရှင်များ၏ အနေအထားမှာ ပြောင်းလဲလာခဲ့သည်။ ရွှေ့ပြောင်းဆရာ၊မများနှင့် ကလေးများအား အသိအမှတ်ပြုခြင်းဆိုင်ရာ အချိန်ကြာမြင့်စွာတည်ရှိနေသည့် စိန်ခေါ်မှုများအား ယခုအခါတွင် မြန်မာပြည်တွင်းရှိ ထောင်သောင်းချီသော ဆရာ၊မများနှင့် ကျောင်းသား၊သူ/သူများ ရင်ဆိုင်နေကြရသည်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၏ အဖြေများသည် မြန်မာ့ပညာရေးဂေဟစနစ်၏ ဘက်ပေါင်းစုံသို့ ပြန့်နှံ့နိုင်မည့် အလားအလာရှိသည်။

လွန်ခဲ့သော(၂)နှစ်တာကာလအတွင်း အပြုသဘောဆောင်သောအချင်းအရာများကို ရှာဖွေကြည့်ရသော် ထိုစိန်ခေါ်မှုများကို တုံ့ပြန်ရန်အတွက် ဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်များ တွေ့ရှိနိုင်ပေမည်။ စီမံချက်ပရိုဂရမ်များအား လိုက်လျောညီထွေဖြစ်စေရန်၊ပြင်ဆင်ရန်နှင့် ပရိုဂရမ်အသစ်များ ရေးဆွဲရန် ဤပရောဂျက်တွင် ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ချင်းစီသည် ပါဝင်ဆောင်ရွက်မှုလုပ်ငန်းအခြေပြုသည့်သုတေသနလုပ်ငန်းစဉ်တလျှောက် လေ့လာသင်ယူမှုမှ ကောက်နုတ်ကြသည်။ The Border Emergency Fund ကဲ့သို့သော အကြပ်အတည်းကာလာအတွင်း မိသားစုပေါင်း (၅၀၀၀) ကျော်ကိုအစာခြောက်များ ပံ့ပိုးခဲ့သောလုပ်ငန်း၊ The Out of School Enrollment TaskForce ကဲ့သို့သော ကျောင်းပြင်ပရောက် ကလေးများအား ကျောင်းအပ်ပေး၍ ကျောင်းတက်နိုင်ရန် ဆောင်ရွက်ပေးခဲ့သော လုပ်ငန်း၊ UNESCO၏ LearnBig platform မှတဆင့် သင်ယူသူပေါင်း (၁၀၀,၀၀၀) ကျော်သို့ရောက်ရှိခဲ့သည့် ဗွီဒီယိုပေါင်း (၁၆၀) ကျော်ကို ထုတ်ဝေလျက်ရှိသော Digital School၊ နှင့် သင်တန်းပြီးဆုံးပြီးသော ရပ်ရွာလူထုခေါင်းဆောင်တစ်ဦးမှ ဦးဆောင်၍ ကလေးပေါင်း (၁၃၀၀) ကျော်အတွက် ဖန်တီးဉာဏ်ကွန်မြူးစေသော၊ ကစားနည်းများ အခြေခံသော၊ သင်ယူမှု လုပ်ဆောင်ချက်များ ပံ့ပိုးသည့် Child-Friendly Spaces များစသည့် အကြပ်အတည်းနှစ်ရပ်အား တုံ့ပြန်သည့်လုပ်ငန်းဆောင်ရွက်ချက်များ၏ သာဓကများကို ဤအစီရင်ခံစာတွင် မီးမောင်းထိုးပြထားသည်။

အကြပ်အတည်းနှစ်ရပ်သည် ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းမြန်မာကလေးများ၏ ပညာရေးအပေါ် ကြီးမားသော သက်ရောက်မှုများ ရှိခဲ့သည်။ ထိုအကြပ်အတည်းများကို တုံ့ပြန်ခြင်းဖြင့် ခံနိုင်ရည်ရှိမှုများ ပိုတိုးလာစေသည်။ ရွှေ့ပြောင်းမြန်မာကလေးများအတွက် ပညာရေးပေါင်းကူးတံတားများသည် လက်ရှိအခြေအနေတွင် "stepping stones (လှေကားထစ်လေးများ)" အဖြစ် မှတ်ယူနိုင်သော်လည်း ခိုင်မာသော အုတ်မြစ်များအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။ သက်သေအထောက်အထားကို မှီတည်သည့်၊ ရပ်ရွာလူထုမှဦးဆောင်မှုရှိသည့်၊ ခံနိုင်ရည်ရှိရန် ပူးပေါင်းဆောင်ရွက်မှုရှိသည့် ကြိုးပမ်းအားထုတ်မှုတို့သည် ရွှေ့ပြောင်းမြန်မာကလေးများအတွက် အခွင့်အရေးကိုအပြည့်အဝရရှိခံစားနိုင်ရန်နှင့် လိုအပ်သည့် အရင်းအမြစ်များအား လက်လှမ်းမီရရှိနိုင်စေရန်အတွက်ဖြစ်သည်။





# လက်လှမ်းမီမှုတိုးမြင့်စေရန်အတွက် အဓိကအကြံပြုချက်များ

- **ထိုင်းကျောင်းများတွင် ဘာသာစကားနှစ်မျိုး(သို့)နှစ်မျိုးထက်ပို၍ တတ်ကျွမ်းသည့် လက်ထောက်ဆရာ၊မများ ထားရှိခြင်း -** ထိုင်းကျောင်းသို့ မြန်မာရွှေ့ပြောင်းကလေးများ စတင်အပ်နှံသောနှစ်သည် အခက်ခဲဆုံးအချိန်ကာလ ဖြစ်သည်ဟု The Out of School Enrollment Task Force မှ တွေ့ရှိခဲ့သည်။ ထိုကလေးများသည် ၎င်းတို့နားမလည်သော ၊ အိမ်တွင် အသုံးမပြုသော ဘာသာစကားဖြင့် သင်ကြားသည့် စာသင်ခန်းများသို့ "ဝင်ရောက်သင်ယူ" ကြရသည်။ ထိုသည်မှာ ကလေးများ၏ မိခင်ဘာသာစကားကို မပြောတတ်သည့် ဆရာ၊မများအပေါ်တွင်လည်း ဖိအားများဖြစ်စေသည်။ ရွှေ့ပြောင်းကလေးများသည် ကျောင်းစာသင်ခန်းများတွင် အောင်မြင်စွာလေ့လာသင်ယူနိုင်ရန်အတွက် စာသင်ခန်းတွင်းပံ့ပိုးမှုများ ထပ်ဆောင်းလိုအပ်ပါသည်။ ကျွန်ုပ်တို့အဖွဲ့သည် လက်ရှိတွင် ရွှေ့ပြောင်းကလေးများ ထိုင်းအစိုးရပညာရေး စနစ်သို့ ချောမွေ့စွာ ကူးပြောင်းနိုင်စေရန်အတွက် အကူအညီပြုရန် ကျောင်းစာသင်ခန်းတွင်း ဘာသာစကား (၂) မျိုးတတ်ကျွမ်းသည့် လက်ထောက်ဆရာ၊မ (၄)ဦးကို ပံ့ပိုးလျက်ရှိပါသည်။ သို့သော် ကလေးများအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ထိုသို့လက်ထောက်ဆရာ၊မများ ပိုမိုလိုအပ်နေပါသည်။

- **ဒစ်ဂျစ်တယ်ကွာဟမှုအား ဖြေရှင်းခြင်း** - ရွှေ့ပြောင်းဆရာ၊ မ ( ၈၀) ရာခိုင်နှုန်းနှင့် ရွှေ့ပြောင်းကျောင်းသား၊သူများ၏ အွန်လိုင်းလေ့လာသင်ယူမှုနှင့်စပ်လျဉ်းသည့် လက်လှမ်းမီမှုဆိုင်ရာ စိန်ခေါ်မှုများကို တင်ပြခဲ့ကြပါသည်။ UNICEF မှထုတ်ဝေခဲ့သည့် Reopening with Resilience: Lessons from remote learning during COVID-19 ဟူသည့် အစီရင်ခံစာအရ လွန်ခဲ့သောလွန်ခဲ့သော(၂)နှစ်တာကာလအတွင်းတွင် ရရှိခဲ့သည့် စာသင်ကြားခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို မြှင့်တင်ရန်အတွက် IT အသုံးအဆောင်ပစ္စည်းများဆက်လက်ပံ့ပိုးရန် အကြံပြုထားပါသည်။ ရွှေ့ပြောင်းဆရာ၊မများသည် ထိရောက်သော အွန်လိုင်းသင်ကြားမှုများ ပြုလုပ်နိုင်ရန်အတွက် သင်တန်းပေးခြင်း၊ လမ်းညွှန်မှုပေးခြင်းနှင့် ငွေကြေးအထောက်အပံ့ပေးခြင်း တို့လိုအပ်ပါသည်။ ရွှေပြောင်းကျောင်းများ၏ အွန်လိုင်သင်ကြားခြင်းဆိုင်ရာ ကျွမ်းကျင်ပိုင်နိုင်မှုများကို တိုးမြှင့်ပေးရန် အတတ်ပညာကျွမ်းကျင်မှု၊ စွမ်းဆောင်ရည်ရှိသော ဒေသတွင်းအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ နည်းပညာများ ရရှိသင့်သည်။ ဆင်းကဒ်များ၊ ဒေတာများ၊ router များနှင့် လပ်တော့ပ်ကွန်ပြူတာများ ပံ့ပိုးရန် ငွေကြေးအထောက်အပံ့များ လိုအပ်ပါသည်။

- **ထိုင်းလူမျိုးမဟုတ်သည့် ကလေးများနှင့် လူငယ်များအတွက် ထိုင်း NFE (ကောစောနော) အား လက်လှမ်းမီမှု -** မြန်မာနိုင်ငံတွင် ဖြစ်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းသည် ထိုင်းနိုင်ငံတွင် နှစ်ပေါင်းများစွာနေထိုင်အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းမိသားစုများပေါ်တွင် သိသိသာသာ သက်ရောက်မှုများ ရှိခဲ့ပါသည်။ထိုမိသားစုများသည် ၎င်းတို့ကလေးများအတွက် ထိုင်းနိုင်ငံတွင် အသိအမှတ်ပြုခြင်းရှိသည့် ပညာရေးလမ်းကြောင်းများကို ပိုမို ရှာဖွေလာကြပါသည်။ သမားရိုးကျအတန်းကျောင်းပညာမဟုတ်သည့် ကျောင်းသို့ဝင်ခွင့်ရရှိရန်ဖြေဆိုရာတွင် ထိုင်းဘာသာစကား အရေး၊အဖတ်၊အပြောတို့ကို ထိုင်းကျောင်း၏ Grade-3 အဆင့်ပြည့်မီစွာ တတ်မြောက်ထားရမည်ဖြစ်သည်။ ထိုသို့ ဘာသာစကားအဟန့်အတားသည် ထိုင်းနိုင်ငံတွင် အသိအမှတ်ပြုထားသည့် အတန်းကျောင်းပညာမဟုတ်သည့် အခြားပညာရေးလမ်းကြောင်းကို ရွှေ့ပြောင်းကလေးများမှ လက်လှမ်းမီမှုကို ကန့်သတ်ထားသည်။ ထိုသို့ အရေးပါသော လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ထိုင်းဘာသာစကား စာတတ်မြောက်မှုနည်းပါးသည့်ကလေးများအား ကောစောနောမစခင် ပံ့ပိုးပေးသည့်ပရိုဂရမ်များ လိုအပ်သည်။ ထိုပရိုဂရမ်များသည် သီးသန့်အစီအစဉ်အနေဖြင့် ရပ်တည်နိုင်သကဲ့သို့ လက်ရှိ ရွှေ့ပြောင်းကျောင်းများ၏ သင်ရိုးနှင့်လည်း ပေါင်းစပ်ပြဌာန်းနိုင်သည်။

- **အခြား အသိအမှတ်ပြုမှုရှိသည့် ပညာရေးအခွင့်အလမ်းများအား ရှာဖွေခြင်း** – အရည်အသွေးပြည့်မီသောပညာရေးသည် အသိအမှတ်ပြုမှုခံရမှသာ မဟုတ်သော်လည်း အသိအမှတ်ပြုမှုခံရခြင်းသည် အရည်အသွေးပြည့်မီစေရန် တွန်းအားဖြစ်စေပြီး ကျောင်းသား၊သူများအတွက် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများကို သယ်ဆောင်လာနိုင်မည် ဖြစ်သည်။ ထိုသို့ အသိအမှတ်ပြုမှုအကြပ်အတည်းအား ဖြေရှင်းနိုင်ခြေသည် နည်းလမ်းပေါင်းများစွာရှိပါသည်။ ထိုနည်းလမ်းများထဲတွင် GED ပရိုဂရမ်များအား ချဲ့ထွင်ခြင်း၊ IGCSE အားသင်ကြားခြင်း၊ (သို့) အသိအမှတ်ပြုမှုရှိသည့် အဝေးသင် စာသင်ကြားခြင်းများကို ဆန်းသစ်ခြင်းတို့ ပါဝင်နိုင်ပါသည်။

# လေ့လာသင်ယူမှု တိုးတက်စေရန်အတွက် အဓိကအကြံပြုချက်များ

- **လေ့လာသင်ယူမှုဆိုင်ရာ ဆုံးရှုံးမှုများအား ဆန်းစစ်ခြင်းများတွင် ရွှေ့ပြောင်းကလေးများအား ပါဝင်စေခြင်း** - COVID-19 ကပ်ရောဂါအတွင်း လေ့လာသင်ယူမှုဆိုင်ရာ ဆုံးရှုံးမှုများ၏ အတိုင်းအတာ ပမာဏကို နားလည်နိုင်ခြင်းသည် ထိခိုက်ပျက်စီးမှုများအား လျော့ပါးစေရန်အတွက် ပထမဆုံး ခြေလှမ်းဖြစ်သည်။ ခိုင်မာသော၊ အသေးစိတ်ကျသော၊ စနစ်တကျဖြစ်သော ဆန်းစစ်လေ့လာမှုသည် အားလုံးအတွက် ညီမျှသောပညာရေးရရှိနိုင်စေရန်အတွက် ဖြည့်ဆည်းရမည့်ကွက်လပ်များ၊ လိုအပ်သည့် အရင်းအမြစ်များနှင့် ပံ့ပိုးမှုများကို လိုအပ်မှုအများဆုံးရှိသောနေရာများနှင့် အုပ်စုများကို နားလည်သိရှိနိုင်စေရန် ပံ့ပိုးနိုင်ပါသည်။ ASER၊ EGRAနှင့် EGMA တို့သည် အရည်အသွေးမြင့်မားသော ဒေတာအချက်အလက်များရရှိနိုင်သည့် ဆန်းစစ်မှုအမျိုးအစားများအနက် သာဓကများဖြစ်သည်။ လမ်းညွှန်မှုအပြည့်အစုံကို World Bank (2022b) pages 42 - 52 တွင်ဖတ်ရှုနိုင်ပါသည်။

- **ဒစ်ဂျစ်တယ်ကျောင်း Digital School အား ချဲ့ထွင်ခြင်း**- ရွှေ့ပြောင်းကျောင်းများတွင်ရှိသည့် သင်ကြားခြင်းနှင့် လေ့လာသင်ယူမှုဆိုင်ရာ ပဏာမခြေလှမ်းများအား ပိုမိုပြည့်စုံစေရန်အတွက် ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံရှိ ကလေးများမှ ဆက်လက်လေ့လာနိုင်စေရန် ပုံစံတကျဖြစ်သော၊ ဖန်တီးဉာဏ်ကွန့်မြူးစေသော၊ ပုံမှန်လေ့လာနိုင်သော၊ နှစ်ဖက်အပြန်အလှန်ဖြစ်သော သင်ခန်းစာများကို ဒစ်ဂျစ်တယ်ကျောင်း (Digital School) မှ ပံ့ပိုးလျက်ရှိသည်။ Facebook မှတဆင့် Live ထုတ်လွှင့်ခြင်းဖြင့် Digital Schoolသည် ကြည့်ရှုသူပေါင်း (၁၀၀,၀၀၀) ကျော် ရရှိခဲ့ပြီးဖြစ်သည်။ အောက်တိုဘာလ၊ ၂၀၂၂ ခုနှစ်ထိ ဗွီဒီယိုပေါင်း(၁၆၀) ကျော်အား ထုတ်လုပ်ခဲ့ပြီး ထိုဗွီဒီယိုများအား learnbig.netတွင် ရှာဖွေနိုင်သည်။ ထိုပဏာမလုပ်ငန်းအား ချဲ့ထွင်ရန်အတွက် ငွေကြေးအထောက်အပံ့ ပိုမိုလိုအပ်ပါသည်။

- **ရွှေ့ပြောင်းလူငယ်ခေါင်းဆောင်များအား စွမ်းဆောင်ရည်တိုးမြှင့်ခြင်း** -ရွှေ့ပြောင်းရပ်ရွာလူထုများတွင် အသုံးမပြုရသေးသည့် လူ့အရင်းအမြစ်များ ရှိနေသည်။ ထိုသည်မှာ ထိုင်းပညာရေးစနစ်များမှ အလှမ်းဝေးနေသည့် လူငယ်များ ဖြစ်သည်။ လူငယ်များအား ရွှေ့ပြောင်းမိဘများနှင့် ထိုင်းကျောင်းရှိဝန်ထမ်းများအကြား ဘာသာစကားအဟန့်အတားများကို ချိုးဖျက်ပေးမည့် ရပ်ရွာလူထုအတွင်း စေတနာ့ဝန်ထမ်းများအဖြစ် သင်တန်းပို့ချရန်အတွက် လူငယ်ခေါင်းဆောင်မှု နှင့်စွမ်းဆောင်ရည်တိုးမြှင့်ခြင်း ပရိုဂရမ်များအား အကောင်အထည်ဖော်သင့်သည်။ အင်တာဗျူးမေးမြန်းထားသည့် ထိုင်းကျောင်းများတွင် တက်ရောက်နေသည့် ရွှေ့ပြောင်းကလေးများသည် ၎င်းတို့အား အိမ်စာလုပ်ရာတွင် ကူညီနိုင်မည့်သူ အနည်းငယ်သာ ရှိသည်ဟု ဆိုကြသည်။ ရွှေ့ပြောင်းလူငယ်များသည် ကလေးများ၏ မိခင်ဘာသာစကားနှင့် ထိုင်းဘာသာစကားတို့ကို ပြောနိုင်သူများဖြစ်သောကြောင့် သူတို့သည် ရွှေ့ပြောင်းကလေးများအား ထိုင်းဘာသာစကား အခြေခံများကို လေ့လာနိုင်စေရန်၊ ကူညီရန်အတွက် အသင့်တော်ဆုံးသောသူများဖြစ်ကြသည်။





# ကာကွယ်စောင့်ရှောက်မှုမြှင့်တင်ရန်အတွက် အဓိကအကြံပြုချက်များ

- **ရေရှည်အလုပ်လုပ်ကိုင်နေသည့် ရွှေ့ပြောင်းလုပ်သားများ၊ ရွှေ့ပြောင်းဆရာ၊မများနှင့် ရွှေ့ပြောင်းကလေးများအတွက် တရားဝင် စာရွက်စာတမ်း အထောက်အထားများ လက်လှမ်းမီမှု ရရှိစေခြင်း** - ထိုင်းနိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြသော ရွှေပြောင်းမိသားစုများသည် ၎င်းတို့၏ လုံခြုံရေးအတွက် လိုအပ်သည့် တရားဝင်စာရွက်စာတမ်းအထောက်အထားများ မရှိသည့် အခြေအနေကို ကြုံတွေ့နေရဆဲဖြစ်သည်။ လုံခြုံရေး ဆိုင်ရာ စိုးရိမ်ကြောင့်ကြရမှုများ မြင့်တက်လာသည်နှင့်အမျှ ထိုတရားဝင်စာရွက်စာတမ်းများရရှိနိုင်မည့် လမ်းကြောင်းများကို မည်သို့ လက်လှမ်းမီ မှုရရှိနိုင်မည်ကို ဖော်ပြသည့် သတင်းအချက်အလက်များလည်း လိုအပ်လာပါသည်။ ထိုသို့သော သတင်းအချက်အလက်များ မရရှိပါက ရွှေ့ပြောင်းမိသားစုများသည် တရားဝင်မှုမရှိခြင်း၏ အကျိုးဆက်များအဖြစ် ကြောက်ရွံ့စွာနေထိုင်နေရပြီး ၎င်းတို့ရပိုင်ခွင့်ရှိသော ဝန်ဆောင်မှုများ ကို ရယူရန် တွန့်ဆုတ်လျက်ရှိနေကြမည်ဖြစ်သည်။

- **အန္တရာယ်ကျရောက်နိုင်ခြေများသော ကလေးများအတွက် လုံခြုံသည့်ကွန်ရက်များ ချဲ့ထွင်ဖြန့်ကျက်ခြင်း** - အကြပ်အတည်းနှစ်ရပ်၏ ဖြစ်ရပ် များသည် ကလေးများ ကျောင်းထွက်နိုင်ခြေကို ပိုမိုမြင့်မားလာစေနိုင်သည်။ လက်ရှိတွင် ရှိနေသည့် တရားဝင်ဖြစ်သော ကာကွယ်စောင့်ရှောက်မှု ယန္တရားများနှင့် သမာရိုးကျမဟုတ်သည့် ကာကွယ်စောင့်ရှောက်မှု ယန္တရားများအား ချဲ့ထွင်ဖြန့်ကျက်ခြင်းအားဖြင့် ရွှေပြောင်းကလေးများ၏ ခံနိုင်ရည်ရှိမှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ Child-friendly spaces နှင့် Learning Resilience through Play စီမံကိန်းပရောဂျက်များသည် တာဝန်ယူမှုရှိသော၊ သင်တန်းရရှိပြီးသော ရပ်ရွာကိုယ်စားပြုပုဂ္ဂိုလ်များအား ခန့်အပ်၍ ရပ်ရွာအခြေပြု ကာကွယ်စောင့်ရှောက်မှု ယန္တရားများအား ဖော်ဆောင်ထားသည့် စီမံကိန်းများအနက် သာဓက အချို့ဖြစ်သည်။

- **မရှိမဖြစ်လိုအပ်ချက်များနှင့် ကိုယ်၊စိတ်နှစ်ပါးကောင်းမွန်ပြည့်စုံမှုတို့ကို အဓိကအာရုံစိုက်ကာ ဆရာ၊မများအား ပံ့ပိုးခြင်း** - ဆရာ၊မများသည် ရှေ့တန်းတွင်ရှိနေကြသူများဖြစ်ပြီး မြောက်များစွာသော တာဝန်နှင့်ဝတ္တရားများအား ထိန်းကြောင်းဆောင်ရွက်နေရသည့်အပြင် မရေရာမှုများ များပြားလှသည့် အချိန်ကာလတွင်းတွင် ခေါင်းဆောင်များအဖြစ် တာဝန်ယူကြရသည်။ အနာဂတ်တွင် ရှိလာမည့် ဆရာအတတ်သင် သင်တန်း များသည် ဆရာ၊မများအား ထောက်ပံ့ငွေပိုမို ပေးအပ်နိုင်ရန်နှင့် ဆရာ၊မများမှ ရွှေ့ပြောင်းကလေးများအတွက် အဘက်ဘက်မှပြည့်စုံသော ပံ့ပိုးမှု များအား ပေးနိုင်ရန် လိုအပ်သော သင်ထောက်ကူများအား ထောက်ပံ့ပေးရမည်။ အနာဂတ်တွင် ရှိလာမည့် ဆရာအတတ်သင် သင်တန်းများသည် ဆရာ၊မများ၏ ကိုယ်၊စိတ်နှစ်ပါး ကောင်းမွန်ပြည့်စုံမှုကိုလည်း ထည့်သွင်းစဉ်းစားသင့်ပေသည်။ အကြောင်းမှာ ပညာပေးသူဆရာ၊မများသည် ၎င်း တို့ကြုံတွေ့ရသည့် အတတ်ပညာပိုင်းဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးပိုင်းဆိုင်ရာ စိန်ခေါ်မှုများအား အပြန်အလှန်ဖွင့်ဟပြောပြနိုင်သည့် ထွက်ပေါက်များနှင့် နေရာတစ်နေရာ လိုအပ်၍ဖြစ်သည်။

ဤသုတေသနသည် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းကလေးများအတွက် လုံခြုံသော၊အားလုံးအကျုံးဝင်ပါဝင်မှုရှိသောအရည်အသွေးမြင့်မားသော၊အသိအမှတ် ပြုခံရသောပညာရေးလက်လှမ်းမီမှုရရှိစေရန်ဆောင်ရွက်နေကြသည့်အောက်ပါအဖွဲ့အစည်းများ၏စုပေါင်းကြိုးပမ်းအားထုတ်မှုဖြစ်သည်။

**The Inclusive Education Foundation (InEd)** သည် ၎င်း၏**TeacherFOCUS** စီမံကိန်းပရောချက်ဖြင့် လက်လှမ်းမီမှုမြင့်တင်ခြင်းနှင့်အသိမှတ်ပြုမှုရှိသော ပညာရေးရွေးချယ်စရာများ၏ အရည်အသွေး တိုးတက်စေခြင်းဖြင့် ကလေးများအားလုံးအတွက် မညီမျှမှုများအားလျှော့ချနိုင်ရန် ရည်ရွယ်ပါသည်။ InEdသည် ပညာရေးဆိုင်ရာ သုတေတန၊အခြေအနေနှင့်လိုက်လျောညီထွေဖြစ်သည့် စွမ်းဆောင်ရည်မြင့်တင်ခြင်း၊ ပညာရေးစနစ်များအား ပိုမိုရင့်သန်လာစေခြင်း၊ ရပ်ရွာလူထုအခြေပြုအဖြေရှာသည့်နည်းလမ်းများ နှင့်အချက်အလက်ဖြင့် ထိန်းကျောင်းထားသည့်တိုက်တွန်းနှိုးဆော်ခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် လိုအပ်ချက်ကို ဖြည့်ဆည်းရန်ရည်ရွယ်သည်။ ကျွန်ုပ်တို့သည် ဆင်းရဲမွဲတေမှုမှလွတ်မြောက်ရန် ပညာရေးသည် အချက်အချာအကျဆုံးဖြစ်သည့် လမ်းကြောင်းဖြစ်သည်ဟုယုံကြည်သည့်အပြင် တစ်ဝက်တစ်ပျက်ပညာရေးသည် ကလေးများအပေါ် အခွင့်အရေးချိုးဖောက်ခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်းနှင့်လူကုန်ကူးခံရခြင်းတို့မှ လုံခြုံမှု ပေးနိုင်ခြင်းမရှိဟု ယူဆထားကြပါသည်။ **www.inedfoundation.org**

**The Migrant Educational Co-ordination Center (MECC)** သည် တာ့ခ်ခရိုင် အခြေခံပညာရေးဝန်ဆောင်မှု ဧရိယာ ၂ (TAK PESAO 2) ၏ အောက်တွင်ရှိသော အဖွဲ့အစည်းဖြစ်သည်။ MECC သည် ရွှေ့ပြောင်းကျောင်း(MLCs)၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဦးဆောင်သည်။ တာ့ခ်ခရိုင်အတွင်းရှိ MLCများအားလုံးသည် MECC၏ အောက်တွင်စာရင်းဝင်သည်။ ဆက်သွယ်ရန် **https://www.mecctak2.com**

**Help Without Frontiers Thailand Foundation (HWF)** သည်ပညာရေး၊ လူငယ်များအား စွမ်းရည်မြင့်တင်ခြင်း၊ ကျန်းမာရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ရေရှည်တည်တံ့နိုင်မှုအတွက် ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ဖြင့် ဆင်းရဲမွဲတေမှုခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုတို့၏ အကြောင်းအရင်းအမြစ်များကိုတိုက်ဖျက်ရန် ရည်ရွယ်သည်။ ကျွန်ုပ်တို့သည် ထိုင်းမြန်မာနယ်စပ်တလျှောက်တွင် ကလေးများ၊ လူငယ်များနှင့် ၎င်းတို့၏ရပ်ရွာလူထုများအား ပိုမိုတောက်ပသောအနာဂတ်ရှိစေရန် အခွင့်အလမ်းပေးသည်။ **https://www.helpwithoutfrontiers.org**

**The Burmese Migrant Teachers' Association (BMTA)** သည် ဒေသတွင်းနှင့် နိုင်ငံတကာပညာရေး အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တိုက်တွန်းနှိုးဆော်ခြင်း(Advocacy) လုပ်ငန်းဖြင့် ဆရာ၊မများ၏ အခွင့်အရေးများကို မြှင့်တင်ပေးရန်ဆောင်ရွက်သည်။ BMTA သည် ကျောင်းများစီမံခန့်ခွဲခြင်းဆိုင်ရာ သင်တန်းများပေးခြင်း၊ ဆရာ၊မများအား စွမ်းဆောင်ရည်မြှင့်တင်သည့် သင်တန်းများပေးခြင်းတို့ဖြင့် ဆရာ၊မများ၏ စည်းလုံးညွတ်မှုနှင့် တန်ဖိုးများကို မြှင့်တင်ပေးသည်။
**https://www.facebook.com/migrant.teachers**

**The Youth Connect Foundation** သည် ကျောင်းသား၊သူများအနေဖြင့် လုံခြုံသော၊ လုပ်ငန်းဖြစ်ထွန်းသော၊ အမှီအခိုကင်းသောဘဝများကို ပြောင်းလဲစေရန် ကျောင်းသား၊သူများအတွက်သင်တန်းများ၊ လုပ်ငန်းအတတ်သင်သင်တန်းများနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဝန်ဆောင်မှုများပေးသည်။ ရွှေ့ပြောင်းကျောင်းများ၊ ထိုင်းဒေသခံစီးပွားရေးလုပ်ငန်းများ၊ အစိုးရအာဏာပိုင်များနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် Youth Connect Foundation သည် မဲဆောက်မြို့တွင်ရှိသော ရွှေ့ပြောင်းလူငယ်များအတွက်တမူထူးခြား၍ အောင်မြင်မှုရှိသော ချဉ်းကပ်ပုံနည်းလမ်းတစ်ရပ် ပေါ်ပေါက်စေခဲ့သည်။
**http://youthconnectthailand.org**

**PlayOnside** သည် ထိုင်း-မြန်မာနယ်စပ်၊ မဲဆောက်မြို့တွင် ၂၀၁၃ ခုနှစ်၌ စတင်တည်ထောင်ခဲ့သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းဖြစ်သည်။ ထိုအဖွဲ့အစည်းသည် ရွှေ့ပြောင်းမြန်မာများနှင့် ထိုင်းနိုင်ငံတွင်ရှိနေသည့် မြန်မာဒုက္ခသည်များအား ပညာပေးရန်နှင့် စွမ်းရည်မြင့်တင်ရန်အတွက်ဘောလုံးကစားခြင်းအား စွမ်းအားရှိသော အရာအဖြစ် အသုံးပြုစေသည်။ ရက်သတ္တပတ်၏ အဆုံးတွင် ရွှေ့ပြောင်းကျောင်းပေါင်း (၂၇ )ကျောင်းမှ ကျောင်းသား၊သူ နှင့်လူငယ် (၁၀၀၀) ကျော်သည် ကစားရန်၊ လေ့လာသင်ယူရန်နှင့် ယှဉ်ပြိုင်ရန် စုစည်းကြပြီး သူငယ်ချင်းအသစ်များ ဖွဲ့ကာ ၎င်းတို့၏ ကွန်ရက်များအား ချဲ့ထွင်ကြသည်။ PlayOnside သည် ရွှေ့ပြောင်းရပ်ရွာလူထုများအတွက် လူမှုရေးရာအပြောင်းအလဲဖြစ်စေရန်ပံ့ပိုးပေးခြင်းအား အဓိကအာရုံစိုက်သည့်အသိအမှတ်ပြုခြင်း အထူးခံရသောအဖွဲ့အစည်းဖြစ်သည်။ လွန်ခဲ့သော (၉)နှစ် တွင် ကျွန်ုပ်တို့သည် ဘောလုံးကစားခြင်းအားအသုံးပြုထားသည့် တက်ရောက်မှုမြင့်မားသော နည်းနာများ အားဖော်ဆောင်ခြင်းဖြင့် လူမှုရေးရာတွင် အကျုံးဝင်ခြင်း၊ ကျား၊မရေးရာညီမျှမှု နှင့် စွမ်းရည်မြင့်တင်ခြင်းစသည့် နယ်ပယ်များတွင်ရွှေ့ပြောင်းမြန်မာများနှင့်ဒုက္ခသည် များကို ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ **www.playonside.org**

**Marist Asia Foundation (MAF)** သည်ရွှေ့ပြောင်းမြန်မာမိသားစုများအားပညာရေးနှင့် ကျန်းမာရေး ပရိုဂရမ်များဖြင့်ပံ့ပိုးပေးပါသည်။ MAF သည် ၂၀၀၆ ခုနှစ်မှစပြီး ရနောင်းမြို့တွင် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ပြီး HIV ကျန်းမာရေး၊ မူကြို၊ အလယ်တန်းနှင့်တက္ကသိုလ်အဆင့် အွန်လိုင်းပရိုဂရမ်များကို ပံ့ပိုးခြင်းဖြင့် မြန်မာရွှေ့ပြောင်းကလေးများနှင့် မိသားစုများအတွက် ပိုမိုတောက်ပသောအနာဂတ်ကိုကူညီဖော်ဆောင်ပေးပါသည်။ **https://www.maristasiafoundation.org**

**The Mae Tao Clinic** မယ်တော်ဆေးခန်းသည် ၁၉၈၉ ခုနှစ်မှစ၍ ထိုင်းမြန်မာနယ်စပ်ရှိ ထိခိုက်လွယ်သော၊ နေအိမ်စွန့်ခွာခဲ့ရသည့်လူငယ်များအတွက် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းဖြစ်သည်။ MTC ၏ အဓိကဆောင်ရွက်လျှက်ရှိသော နယ်ပယ်များမှာ ၁) အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ၊ ၂)ဆေးကုသရေးဆိုင်ရာ သင်တန်းများ၊ ၃) ပညာရေး၊ ၄)ကာကွယ်စောင့်ရှောက်ရေး၊ ၅)ရပ်ရွာလူထုကျန်းမာရေး ၆)အဖွဲ့အစည်းများရေရှည်ရပ်တည်နိုင်မှု ၇) ကရင်ပြည်နယ်တွင် ကျန်မာရေးဝန်ဆောင်မှုများပေးခြင်းတို့ပါဝင်သည်။ ထိုနယ်ပယ်များပေါင်းစပ်၍ MTC သည် မြန်မာပြည်မှ နေအိမ်စွန့်ခွာရသည့်၊ ဘေးဖယ်ခံရသည့်၊ ထောင်သောင်းများစွာသောလူများ၏လိုအပ်ချက်များအား အဖက်ဖက်မှ ပြည့်စုံစွာဖြည့်ဆည်းနိုင်စေသည်။ ထို့အပြင် နယ်စပ်တွင် ရောဂါများဖြစ်ပွားခြင်းနှင့် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာအကြပ်အတည်းများ ဖြစ်ပွားခြင်းတို့ကို တုံ့ပြန်ခြင်းအားဖြင့် ဆောင်ရွက်ပါသည်။ ထိုဝန်ဆောင်မှုများအားအခြားရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ကွန်ယက်အဖွဲ့များ၊ အစိုးရ၊ တက္ကသိုလ်အင်စတီကျူးရှင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများမှ ဖြည့်တင်းထားပါသည်။ ထိုဝန်ဆောင်မှုများသည် နေရပ်စွန့်ခွာခဲ့ရသူများနှင့်ရွှေ့ပြောင်းရပ်ရွာလူထုများ၏ ရွှေ့ပြောင်းသွားလာမှုအား မူဝါဒဖော်ဆောင်မှုအားဖြင့်သော်လည်းကောင်း၊ အခြားဝန်ဆောင်မှုများအားဖြင့်သော်လည်းကောင်းကူညီဖြေရှင်းနိုင်ရန် ရည်ရွယ်ဆောင်ရွက်သည်။ **https://www.maetaoclinic.org/**